# အရက်နဲ့ပတ်သတ်တဲ့ဟာသလေးတွေ

စာရေးသူ- ထွန်းထွန်းဂင်း

<u>*ဆရာဝန်တွေ ပြောတဲ့အတိုင်း*</u>

အရက်သမားတစ်ယောက် ဆရာဝန်ထံလာပြီး အရက်ဖြတ်လိုကြောင်းပြောတယ်။ ဒီတစ်ခါတော့ အရက်ကိုအမြစ်ဖြတ်ဖို့ သံဓိဌာန် ချထားတယ်လို့ ပြောတယ်။ ဒီတော့ဆရာဝန်က..

" ကူညီရမှာပေါ့ဗျာ။ ကောင်းတာလုပ်တာဘဲ။ အရက်ဆိုတာ တဖြည်းဖြည်းချင်းမျှဉ်းပြီး ဖြတ်ရတယ်။ ဒါကြောင့် ဒီနေ့ကစပြီး တစ်ရက်ကို နှစ်ပက်ထက်ပိုပြီး မသောက်မိစေဘဲ နေကြည့်စမ်းပါ။ နောက်တစ်ပတ် ကျွန်တော့်ကိုပြန်လာပြပါ။ တိုးတက်မှုအခြေအနေကို ကြည့်ရအောင် "

၇-ရက်ကြာတော့ ထိုလူနာ တစ်ခေါက်ပြန်ရောက်လာတယ်။ သူ့ကိုယ်က အရက်နံ့တွေကတစ်ထောင်းထောင်း ထွက်နေတယ်။ ဒီတော့ ဆရာဝန်က မနှစ်မြို့စွာနဲ့ ..

" ဘယ်လိုလည်းဗျ၊ တစ်ရက်ကို နှစ်ပက်ထက်ပိုမသောက်ရဘူးလို့ ခင်ဗျားကို ကျွန်တော် ပြောထားတယ်လေ။ ခုတော့ အရက်ကန်ထဲ ကျလာသလား မှတ်ရတယ်။ မွှန်ထူနေတာဘဲ "

ဒီတော့အရက်သမားက လျှာလေး အာလေးနဲ့ပြောလိုက်ပုံက..

" ဘာလဲ.. ခင်ဗျားတစ်ယောက်ဆီမှာဘဲ ကျုပ်ကကုတယ်ထင်လို့လား "

<u>*မေ့နေလို့ပါဆိုမှ*</u>

အရက်ထွေလာတဲ့ လူတစ်ယောက်က လမ်းမှာ အဖိုးကြီး တစ်ယောက်ကို လက်ဆွဲပြီးမေးတယ်။

” ဦးလေး.. ဒီနားမှာ ကိုဖိုးတုတ်ဆိုတဲ့သူ နေတဲ့အိမ်က သိလား။ သိရင်ပြောပြစမ်းပါ “

” ဟ.. မောင်ရင်က ဖိုးတုတ်ပဲလေ”

” ဒါကို ကျွန်တော်သိပါတယ်ဗျာ။ သူဘယ်မှာနေသလည်း ဆိုတာပဲ ပြောစမ်းပါ ။ “

*လက်ချာပေးသူ*

ည ၁၂နာရီခန့်တွင် ယိုင်တိယိုင်တိုင်လျှောက်လာတဲ့ အရက်သမားကို
ကင်းလှည့်နေတဲ့ ရဲကား ကမေးတယ်။

” အချိန်မတော် ဘယ်သွားမလို့လည်း “

” လက်ချာသွားနားထောင်မလို့

” ဒီလို အချိန်ကြီး ခင်ဗျားလို ငမူးကို ဘယ်လိုလူက လက်ချာပေးမှာလည်း “

” ကျွန်တော့ မိန်းမ”

*အားကျစရာ*

” ကြက်ဖတွေဟာ ဘာဖြစ်လို့ တစ်သက်လုံး တွန်နိုင်ကြတာလည်း “

” သူ့မှာ မိန်းမတွေ အများကြီးရှိတယ်။ ဒါပေမယ့် ယောက္ခမ တစ်ယောက်မှမရှိဘူး။
ဒါကြောင့် တွန်နိုင်တာ “

*မျှော်လင့်ချက်*

” မောင်.. ဒီမြစ်ထဲကို အချစ်ခုန်ချရင် မောင်.. ဆင်းကယ်မှာလားဟင်” လို့
ကောင်မလေးက သူ့ချစ်သူကိုကန္တဲ့ကရမေး လိုက်တယ်။

ဒီတော့ ချစ်သူဖြစ်သူက မျှော်လင့်လေသံလေးနဲ့ မေးလိုက်တာက

” ကယ်မှာပေါ့လို့ မောင်ဖြေရင် အချစ်က တကယ်ခုန်ချမှာလားဟင် “